မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand   Tel : Fax (66) (055) : 542 910
E-mail : mainoffice@blc-burma.org.  Website : www. blc-burma.org

## နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်သို့ မမှန်မကန် သတင်းပေးတိုင်ကြားသည်ဟု စွပ်စွဲခံရပြီး မတရားပြစ်ဒဏ်ထောင်ခုနှစ်နှစ်ကျခံခြင်းခံနေရသော ဗဟိုတရားရုံးရှေ့နေကြီး ဦးအေးမြင့်နှင့်စပ်လျဉ်း၍ တင်ပြချက်

၁။ ပဲခူးမြို့နေ ဗဟိုတရားရုံးရှေ့နေကြီး ဦးအေးမြင့်သည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် နိုင်ငံခြား ပါ (၉) ဦးအမှု၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ အောက်ပါအတိုင်းသုံးသပ်ကာ သေဒဏ် ချမှတ်ခံခဲ့ရသူဖြစ်သည်။

*နိုင်မင်းကြည် (ခ)မင်းကြည်သည် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်သည့်မမှန်သတင်းများကို အိုင် အယ်လ်အိုသို့ပေးပို့နေသူဖြစ်သည်။ အေးမြင့် (ခ) မြင့်အေးမောင်သည် မင်းကြည် (ခ) နိုင်မင်း ကြည် နှင့် ရင်းနှီး သူဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံအစိုးရနှင့်စပ်လျဉ်းသော မမှန်သတင်းများကို ပြည်ပသို ပေးပို့ရာတွင်နိုင်မင်း ကြည်နှင့် ပူးပေါင်းဆောင်ရွက်သူဖြစ်သည်။*

၂။ ထို့နောက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းမှဥပဒေပညာရှင်များ၏ ဝိုင်းဝန်းကြိုးပမ်းပေးမှုကြောင့် ရှေ့ နေကြီးဦးအေးမြင့်သည် သေဒဏ်မှလွတ်မြောက်လာခဲ့သည်။ ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာအတွင်း၌ လူထုပိုင်ကွဲ နွားများစားသုံးခွင့်ရခဲ့သည့် စားကျက်မြေများအနက် အများစုကို နအဖ နှင့်ဆက်စပ်သော အာဏာပိုင်အဖွဲ့အစည်းများ က ခွဲဝေရယူခဲ့ကြသည်။ နောက်ပိုင်းတွင် ယင်းဒေသရှိ ကျွဲ၊ နွားများ အစာရေစာပြတ်လတ်သောကြောင့် ယင်းသို့ ခွဲဝေ သတ်မှတ်မှုအပေါ် လယ်သမားများက မကျေနပ်၍ တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့် ထံ အကူအညီတောင်းခံခဲ့သည်။ ဦး အေးမြင့်မှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဆက်သွယ်ရေးအရာရှိ မွတာရစ်ချတ်ဟိုဆေးနှင့် ဆက်သွယ်၍ တိုင်ကြားပေးခဲ့သည့်အပေါ် နအဖ၏ ဒိုက်ဦးမြို့နယ်တရားရုံးက ဦးအေးမြင့်အပေါ် ထောင်ဒဏ်ခုနှစ်နှင် ပြစ် ဒဏ်ချမှတ်ခဲ့သည်။ အထက်တရားရုံးများသို့ အယူခံနှင့် ပြင်ဆင်မှုများ တင်သွင်းခဲ့သော်လည်း နောက်ဆုံး ပဲခူးတိုင်း တရား ရုံးက ၂၀၀၆ ခုနှစ် မတ်လ (၃) ရက်နေ့တွင် အကျဉ်းနည်းဖြင့်ပလပ်ခဲ့သည်။ ၂၀၀၆ ခုနှစ်၊ မေလ အတွင်းတွင် ဗဟိုတရားရုံး သို့ အမှုအမှတ် (၂၅၈၀၆) အရ ပြင်ဆင်မှုတင်သွင်းခဲ့ပြီး ဇွန်လ အတွင်းတွင် အမှုကို ကြားနာမည်ဟုသိရသည်။

၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ဒိုက်ဦးမြို့နယ် တရားရုံးက (၂၉၊ ၃၊ ၀၅) နေ့ တွင် ၂၀၀၅ ခုနှစ် ပြစ်မှုကြီး အမှုအမှတ် ၉၆၀ ဖြင့် ဖွင့်လှစ်တရားစွဲတင်ပြီး ဦးအေးမြင့်အပေါ် အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅(င)ဖြင့် စစ်ဆေး စီရင်ထားသည့် အမှုတွဲတခုလုံးအား ဥပဒေကြောင်းအရလည်းကောင်း၊ အချက်အလက်အရလည်းကောင်း၊ အသေးစိတ် လေ့လာသုံးသပ်ခဲ့ရာ ရှေ့နေကြီး ဦးအေးမြင့်သည် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခြင်းမရှိပါဘဲလျှက် မတရားသက်သက်ဖြင့် ထောင်ဒဏ်ခုနှစ်နှင့် ပြစ်ဒဏ်စီရင်ခြင်းခံနေရကြောင်း အထင်အရှားသုံးသပ်မိပါသည်။ သုံးသပ်ချက်အပြည့်အစုံကိုလည်း ပူး တွဲတင်ပြပါသည်။

၄။ ရှေ့နေကြီး ဦးအေးမြင့်၏အမှုသည် ပြည်တွင်းရှိ ရှေ့နေကြီးများအနေဖြင့် အမှန်တရားဖော်ထုတ်ရေး၊ တရားမျှတ မှုရရှိရေးတို့အတွက် ဥပဒေကြောင်း အခြေခံများနှင့်အညီ တတ်စွမ်းသမျှ ကြိုးပမ်းတိုက်ပွဲဝင်လျက်ရှိကြကြောင်း သာဓက ကောင်းတရပ်ဖြစ်ပါသည်။ သေဒဏ်ကျခံခဲ့ရသည်ကိုပင်ပမာမပြုဘဲ မတရားမှုများကို ဆက်လက်ဖော်ထုတ်တိုက်ပွဲဝင်သဖြင့် ထောင်ဒဏ် ပြစ်ဒဏ် ခုနှစ်နှင့် ဆက်လက်ကျခံနေရသော ဗဟိုတရားရုံးရှေ့နေကြီး ဦးအေးမြင့် လွတ်မြောက်ရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပညာရှင်များအားလုံးက စွမ်းစွမ်း တမန် ကြိုးပမ်းပေးကြပါရန် မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**အသေးစိပ်သိရှိလိုပါလျှင် ဆက်သွယ်ရန်**
ဦးအောင်ထူး ( အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ )
ဖုန်း – (၆၆) (၀၁) ၅၃၃ ၀၆၀၅ ၊

နေ့စွဲ – ၂၀၀၆ ခုနှစ် မေလ (၃၁)ရက် ။